
ဘာသာပြန် စာရေးဆရာ – ဉာဏ်လင်းထွန်း
အချိန်ဓားသခင်
(ဇောင်ယုချန်)
(Chapter 3168 - 3182)
စာစဉ် - ၂၀၉

## အခန်း - ၃၁၆၈
## ( တျန်ချူး မျိုးနွယ် ပျက်ဆီးသွားပြီ....)

" နတ်မိမယ်... ဒီခွက်ကို ရွေးမလို့လား..." လျိုယွဲ့က ခပ်ဖွဖွ ပြုံးရင်း မေးသည်။

ဂူယွယ်က...

" မင်းသမီး... ဒီခွက်ကို အရင်ယူလိုက်..."

လျိုယွဲ့က ဝိုင်ခွက်အား ယူလိုက်သည်။

ဂူယွယ်က အလယ်ရှိ ကြေးခွက်အား ကောက်ယူပြီး ပိုင်ချင်းအာကို ပေးလိုက်ပြန်သည်။

နောက်ဆုံး ဂူယွယ်က လက်ထဲရှိ ကြေးခွက်အား လက်နှစ်ဖက်ဖြင့် ဆုပ်ကိုင်၍ ခပ်ဖွဖွ၍...

" ညီမ နှစ်ယောက်လုံးက ငါနဲ့ ဖောင်ယုချန်တို့ မင်္ဂလာပွဲကို စိတ်ရင်းမှန်နဲ့ ဂုဏ်ပြုဖို့ ရောက်လာတာမလား... အတူတူ သောက်ကြရအောင် ..."

စကားဆုံးသည်နှင့် ဂူယွယ်က ဝိုင်ခွက်ထဲရှိ အရင်ဆုံး သောက်ချလိုက်သည်။

လျိုယွဲ့နှင့်ပိုင်ချင်းအာတို့လည်း လက်ထဲရှိ ဝိုင်ခွက်အား ကူကယ်ရာမဲ့သော အပြုံးဖြင့် ကြည့်ပြီး မော့သောက်လိုက်ကြ၏။

ဂူယွယ်က အလွန် ညဏ်များသော မိန်းကလေး တစ်ယောက် ဖြစ်

သောကြောင့် လက်ရှိတွင် သူတို့ ပြိုင်ဘက် မဖြစ်နိုင်သေးချေ။

မင်္ဂလာပွဲသို့ ရောက်နေကြသည့် နတ်ဘုရားများ အားလုံးလည်း ထိုအချိန်မှသာ အခြေအနေအမှန်အား သိလိုက်ကြသည်။

တကယ်တမ်း ဝိုင်သုံးခွက်လုံးက ဝိုင်အစစ်များသာ ဖြစ်ပြီး ဂူယွယ်၏ စိတ်စွမ်းအားကို စမ်းသပ်ခြင်း မဟုတ်ဘဲ နှလုံးသားအား စစ်ဆေးနေခြင်းသာ ဖြစ်သည်။

သို့သော်ငြား သူတို့ အားလုံး ဂူယွယ်အား လှည့်စားနိုင်ခြင်း မရှိဘဲ ကျရှုံးသွားကြလေပြီ။

လျို့ယွဲ့နှင့် ပိုင်ချင်းအာတို့က ဂူယွယ်အား ရှုံးနိမ့်သွားသော်လည်း မနာလိုမဖြစ်ကြပေ။ အဘယ်ကြောင့်ဆိုသော သူတို့က အနာဂတ်တွင် ဂူယွယ်အား ကိုင်တွယ်နိုင်ဖို့ နည်းလမ်းအား ကြိုတင်ကြံဆ နိုင်သည် မဟုတ်ပါလား။

သူတို့က ဂူယွယ် မည်မျှ ကြောက်စရာကောင်းသည်ကို သိလိုက်ရသောကြောင့် ဘာမှ ရှက်ရွံ့နေဖို့ မလိုတော့ပေ။ ရှိနေသည့် နတ်ဘုရားများအားလုံးကလည်း အံဩသင့်နေသော မျက်ဝန်းများဖြင့် ဂူယွယ်အား ကြည့်နေကြသည်။ အချို့က လေးနက်သော အမူအရာဖြင့် တွေးနေကြပြီး အချို့ကမူ ဇောင်ယုချန်အတွက် တိတ်တဆိတ် ညည်းတွားနေကြ၏။

ပန်ယောင်က ထိုမြင်ကွင်းအား အဝေးမှ လှမ်းကြည့်ပြီး နန်းတော်ထဲ ပြန်ဝင်သွားခဲ့သည်။ သူမက ဂူယွယ်အား ယခုလို စမ်းသပ်နိုင်သည့် လျို့ယွဲ့နှင့် ပိုင်ချင်းအာတို့ကိုပင် မနာလို ဖြစ်နေသေးသည်။

အနည်းဆုံး လျို့ယွဲ့နှင့် ပိုင်ချင်းအာတို့က ထိုကဲ့သို့ ပြုလုပ်ရဲသည် မဟုတ်ပါလား။

ကံကြမ္မာ နတ်ဘုရား နန်းတော်ထဲ ဝင်တော့မည့် အချိန်တွင် ဇောင်ယုချန် က သူမ ကြည့်နေသည်ကို ခံစားမိလိုက်သောကြောင့် နောက်လှည့်ကြည့် သော်လည်း သူမ ကျောပြင်ကိုသာ မြင်လိုက်ရသည်။

ထိုအချိန်တွင် ဇောင်ယုချန် စိတ်ထဲ၌ အတိတ်မှ မြင်ကွင်းများအား ပြန် မြင်ယောင်လာမိသည်။

ပန်ယောင်တွင် အနည်းဆုံး အလွန် လှပခဲ့ဖူးသော မင်္ဂလာပွဲ တစ်ခု ကျင်းပခဲ့ရသေးသည်။ ထိုအချိန်က ဇောင်ယုချန်မှာ အရှေ့ပိုင်း နယ်မြေ ချန် စံအိမ်၌ လက်ထပ်ပွဲ ကျင်းပခဲ့ပြီး စီနီယာအမ ယန်ချန်နှင့် နောက်ထပ် သုံး ဘဝတိုင် အတူ လက်တွဲသွားမည်ဟုပင် ကတိပြုခဲ့ကြသည် မဟုတ်ပါလား။

ငယ်စဉ် အချိန်က အချစ်အတွက် အရာအားလုံးကို ကတိပေးနိုင် သော်လည်း အသက်ကြီးလာသည်နှင့် အမျှ ပြောဖို့ ခက်ခဲလာသည်။ ကတိ များများပေးလေ အကြွေးပိုများလာပြီး ပေးဆပ်ဖို့ ခက်ခဲလာလေပြီ။

" ဝှစ်..."

ထိုစဉ် ကံကြမ္မာ နတ်ဘုရား နန်းတော်ထဲမှ ရွှီရှန်ကျွင်း ကိုယ်စား လက်ထပ်ပွဲအား ဦးဆောင်ဖို့ ဖူကူရိကူဂျူ ပုံရိပ်ကြီး ထွက်ပေါ်လာသည်။

ယင်ယန် ဆရာသခင်ကလည်း လေထဲ၌ ပျံဝဲနေပြီး ကျယ်လောင်သော အသံဖြင့်...

" မင်္ဂလာပွဲ ကျင်းပတော့မယ်... ယဇ်ပူဇော်ဖို့ ပြင်ဆင်ထားတော့..."

" ဂုန်း..."

ရုတ်တရက် ကံကြမ္မာ နတ်ဘုရား နန်းတော်ထက်၌ အလွန် ကြီးမားသော ယဇ်ပုလ္လင်ကြီး တစ်ခုထွက်ပေါ်လာပြီး ယဇ်ပုလ္လင်ထက်၌ ထူးဆန်းသော လျို့ဝှက် သင်္ကေတများ ရေးထွင်းထားသည်။

ကံကြမ္မာတောင်ထက်တွင်လည်း ခရသင်း၊ ဦးချိုနှင့် အခြား မရေတွက်နိုင်သော တူရိယာ တီးမှုတ်သံများ ထွက်ပေါ်လာလေပြီ။

ထိုအသံများ ထွက်ပေါ်လာသည်နှင့် ကံကြမ္မာ နတ်ဘုရား နန်းတော်ရှိ ကျင့်ကြံသူများ အားလုံး ကောင်းကင်ထက်ရှိ ယဇ်ပုလ္လင်အား အရိုအသေပေးလိုက်ကြသည်။

ဖောင်ယုချန်က ထိုယဇ်ပူဇော်ပွဲမှာ သာမန်ဟုသာ ထင်ထားသောကြောင့် သိပ်အလေးအနက်မထားခဲ့ချေ။

သို့သော် ထိုယဇ်ပူဇော်ပွဲက သူမျှော်လင့်ထားသလို မဟုတ်ဘဲ ကမ္ဘာတစ်ခု ဖြစ်နေခဲ့သည်။

ခဏအကြာတွင် ကံကြမ္မာ နတ်ဘုရား နန်းတော် နတ်ဘုရားများနှင့် ဗိုလ်ချုပ်များက နတ်ဘုရားစွမ်းအား အသုံးပြုပြီး ယဇ်ပုလ္လင်ထက်သို့ ကမ္ဘာတစ်ခု ရွှေ့ပြောင်းလိုက်ကြသည်။

ဖောင်ယုချန်က ထိုကမ္ဘာအား စိတ်စွမ်းအင်ဖြင့် စစ်ဆေးလိုက်ရာ မရေတွက်နိုင်သော သက်ရှိများဖြင့် ပြည့်နှက်နေသည်ကို သတိထားမိသွားသည်။

" ဒီလို ကြီးကျယ်တဲ့ ယဇ်ပူဇော်ပွဲမျိုး လုပ်ဖို့ လိုလို့လား..." ဖောင်ယုချန်က ပြောသည်။

သို့သော်ငြား သူ့အသံက ပြန့်လွင့်သွားခြင်း မရှိဘဲ ဂူယွယ် စိတ်စွမ်းအင် နယ်မြေထဲ၌ ပျောက်ကွယ်သွားသည်။

ဂူယွယ်က...

" ကံကြမ္မာ နတ်ဘုရား နန်းတော်ရဲ့ ပါရဂူနှ် တစ်ယောက် စီစဉ်ပေးတဲ့ လက်ထပ်ပွဲမှာ ဒီလို ယဇ်ပူဇော်တာက အစဉ်အလာ တစ်ခုပဲ..."

" ဒီလို မလုပ်ဘူးဆိုရင် မင်္ဂလာပွဲ ပျက်သွားမှာ မို့လို့လား..." ဇောင်ယုချန်က မေးသည်။

ဂူယွယ်က ထူးမခြားနားသော လေသံဖြင့်...

" ဒီကိစ္စကို စစ်နတ်ဘုရား၊ အင်မော်တယ် သွေးစုပ်ကောင် မျိုးနွယ် ဘိုးဘေးနဲ့ သွေးဇက္ကရီတို့ အားလုံး သိထားတယ်..."

" ယုချန်... ဒီလက်ထပ်ပွဲမှာ ယဇ်ပူဇော်တာကို ငြင်းလိုက်မယ်ဆိုရင် ဘယ်လို ပြဿနာတွေ ဖြစ်လာမယ်ဆိုတာ နင်သိလား... နင် မရေတွက်နိုင်တဲ့ ထိပ်တန်း နတ်ဘုရားတွေကို စော်ကားမိသလို ဖြစ်သွားလိမ့်မယ်... အဲ့တာဆို နင့်အဖိုးလည်း ပြဿနာကို ဖြေရှင်းပေးနိုင်မှာ မဟုတ်တော့ဘူး..."

" နင် သည်းခံနိုင်ဖို့လိုတယ်... နင် စိတ်ကို မထိန်းချုပ်နိုင်ဘူးဆိုရင် ငါလည်း နင့် မိန်းမ ဖြစ်လာဖို့ အရည်အချင်း မပြည့်မှီဘူးလို့ သတ်မှတ်ခံရလိမ့်မယ်... ငါက နင့် မိန်းမ တစ်ယောက်အနေနဲ့ အမှားတွေ မလုပ်မိအောင် တားဆီးရမှာပဲ..."

နတ်ဘုရား လောကတွင် သက်ရှိ လူသားများအား ယဇ်ပူဇော်ခြင်းက သာမန် အဖြစ်အပျက်တစ်ခုသာ ဖြစ်ပြီး မည်သူမှ အလေးမထားကြချေ။

" မင်း ဘာလို့ အရင်လို မဟုတ်တော့တာလဲ..." ဇောင်ယုချန် အသံက အေးစက်လာသည်။

ဂူယွယ်လည်း ဇောင်ယုချန်အား လေးနက်သော မျက်ဝန်းများဖြင့် စိုက်ကြည့်သည်။

" ဂုန်း..."

ထိုစဉ် ကောင်းကင်ထက်မှ ကြောက်မက်ဖွယ် အလင်းတန်း တစ်ခု ပြန့်လွင့်လာပြီး ကံကြမ္မာ နတ်ဘုရား နန်းတော်နှင့် ကံကြမ္မာတောင်တစ်ခုလုံး

တုန်ခါသွား၏။

ဇော်ယုချန်လည်း တစ်ခုခု ဖြစ်သွားသည်ကို ခန့်မှန်းမိလိုက်သောကြောင့် ကြယ်ကောင်းကင်ထက်သို့ မော့ကြည့်လိုက်ကြသည်။

ဖူကူရိုကူဂျူနှင့် အခြား အုပ်စိုးသူ နတ်ဘုရားများ အားလုံးလည်း လေးနက်သော အမူအရာမျိုး ဖြစ်လာလေပြီ။

ဂူယွယ်က တည်ငြိမ်သောလေသံဖြင့်...

" တျန်ချူးမျိုးနွယ် ပျက်ဆီးသွားပြီ..."

ဇော်ယုချန်လည်း ကြယ်ကောင်းကင်ထက်ရှိ အခြေအနေအား ကြည့်၍ ခန့်မှန်း မိသော်လည်း ထိုအခြေအနေအား လက်ခံနိုင်ဖို့ ခက်ခဲနေဆဲပင်။

သူသိထားသော အချက်အလက်များအရဆိုလျှင် တျန်ချူးမျိုးနွယ် ဘိုးဘေး ရှေးဟောင်း နတ်ဘုရားက အချိန်စက်ဝန်း ကပ်ဘေးအား ကျော်ဖြတ်ပြီး ပါရဂူွန် တစ်ယောက် ဖြစ်လုနီးပါး ဖြစ်နေပြီ မဟုတ်လော။

ထိုကဲ့သို့ နတ်ဘုရားတစ်ပါးအား မည်သို့ အလွယ်တကူ သတ်နိုင်မည်နည်း။

အကယ်၍ ရှီရှန်ကျွင်းက သူ့ကို အနိုင်ယူနိုင်သည်ဆိုလျှင် သတ်ဖြတ်နိုင်ဖို့ အချိန် ယူရပေလိမ့်မည်။ ထို့ကြောင့် ဖြစ်နိုင်ချေ တစ်ခုသာ ကျန်ရှိတော့သည်။ ရှေးဟောင်း နတ်ဘုရားက နတ်ဘုရား အရင်းအမြစ်အား ဖောက်ခွဲပြီး သတ်သေလိုက်ခြင်းသာ ဖြစ်နိုင်ချေ ရှိသည်။

ထိုကဲ့သို့ ကျင့်ကြံသူများ နတ်ဘုရား အရင်းအမြစ် ဖောက်ခွဲလိုက်သောကြောင့် စကြာဝဠာ တစ်ခုလုံး တုန်ခါသွားပြီး ကံကြမ္မာ နတ်ဘုရားနန်းတော်အား တုန်လှုပ်စေနိုင်သည် မဟုတ်ပါလား။

အဘယ်ကြောင့် တျန်ချူးမျိုးနွယ် ဘိုးဘေးက နတ်ဘုရား အရင်းအမြစ်

အား ဖောက်ခွဲလိုက်ရသနည်း။

သိပ်မကြာခင်မှာပင် ကံကြမ္မာ နတ်ဘုရား နန်းတော်မှ အုပ်စိုးသူ နတ်ဘုရားများ ပုံရိပ်များ ကြယ်ကောင်းကင်ထက်သို့ ပျံသန်းသွားကြ၏။

" နောက်ဆုံး အနိုင်ရသွားပြီ... တျန်ချူးမျိုးနွယ် ဘိုးဘေး သေဆုံးပြီးတော့ ကြယ်ကောင်းကင် အကာအကွယ် စည်းမျဉ်းတွေ ကျိုးပျက်သွားပြီ..."

" ဂုန်း..."

ထိုသတင်းက လျင်မြန်စွာ ပြန့်နှံ့သွားပြီး ငရဲပြည် နတ်ဘုရားများ အားလုံး စိတ်လှုပ်ရှားစွာဖြင့် အော်ဟစ်နေကြသည်။

အချက်အလက်များ အရဆိုလျှင် ကြယ်ကောင်းကင် အကာအကွယ် စည်းမျဉ်းအား ရှေးဟောင်း မျိုးနွယ်စု ဆယ်စုနှင့် မရေတွက်နိုင်သော ကြယ်များပေါင်းစည်းကာ ဖွဲ့စည်းထားခြင်း ဖြစ်သည်။

ထို့ကြောင့် ငရဲပြည် စစ်တပ်များက တျန်ချူးမျိုးနွယ်အား တိုက်ခိုက်ဖို့ ဆယ်စုနှစ်များစွာ အချိန်ယူခဲ့ရသော်လည်း မအောင်မြင်ဘဲ ဆုံးရှုံးမှု ကြီးမားခဲ့ရ၏။

အစောပိုင်းတွင် ကျင့်ကြံသူ အများစုက ကြယ်ကောင်းကင် အကာအကွယ် စည်းမျဉ်းအား ချိုးဖြတ်နိုင်ဖို့ အနည်းဆုံး နှစ်ပေါင်း (၅၀၀)ခန့် အချိန်ယူရမည်ဟု မျှော်လင့်ထားကြသည်။

.ယခုလို ကြယ်ကောင်းကင် အကာအကွယ် စည်းမျဉ်းအား ချိုးဖြတ်နိုင်သည့် သတင်း ထွက်ပေါ်လာလိမ့်မည်ဟု မည်သူမှ မထင်ထားကြချေ။

ဇောင်ယုချန်လည်း စိတ်ထဲတွင် အလွန် လေးလံလာပြီး တျန်ချူးမျိုးနွယ်၌ ရှိနေသည့် ဘိုးဘေး ယုချင်း၊တိုင်ချင်း၊ လျိုကျီနှင့် အရိုးဖြူကျွန်းသခင် စသော နတ်ဘုရားများအား စိုးရိမ်လာမိသည်။ သူစိတ်ထဲရှိသည့် အတိုင်း

ပြုလုပ်ခွင့် ရမည်ဆိုလျှင် ကံကြွမ္မာ နတ်ဘုရား နန်းတော်မှ ချက်ချင်း ကြယ်ကောင်းကင် တိုက်ပွဲ ကွင်းပြင်ဆီ ထွက်သွားလိုက်ပေလိမ့်မည်။

အဘယ်ကြောင့် ယခုလို အပြောင်းအလဲများ ဖြစ်လာရသနည်း။

ပိုင်ချင်းအာနှင့် လျို့ယွဲ့တို့ နှစ်ယောက်လုံးကလည်း ဇော်ယုချန်ကို စိုက်ကြည့်ပြီး အလွန် စိုးရိမ်နေမည်ကို ခန့်မှန်းမိလိုက်ကြသည်။

ပိုင်ချင်းအာက...

" စိတ်မပူနဲ့... ကြယ်အကာအကွယ် စည်းမျဉ်းတွေက အလွယ်တကူ ချိုးဖြတ်လို့ရမှာ မဟုတ်ဘူး... ဒီကိစ္စနောက်ကွယ်မှာ တစ်ခုခု ရှိနေလိမ့်မယ်... ငါတို့ စောင့်လိုက်တာ ပိုကောင်းမယ်..."

ခဏအကြာတွင် သတင်းတစ်ခု ထွက်ပေါ်လာပြန်သည်။

" တျန်ချူးမျိုးနွယ် ဘိုးဘေး နတ်ဘုရား အရင်းအမြစ် ဖောက်ခွဲလိုက်ချိန်တွင် ဖုန်ချိုင်းယွီ ခန္ဓာကိုယ် တစ်ဝက်ခန့် လောင်ကျွမ်း ပျက်ဆီးသွားပြီး အသက်ကိုးချောင်း အင်ပါယာလည်း ဒဏ်ရာ အပြင်းအထန် ရသွားတယ်..."

" နေအလင်း မျိုးနွယ် ဘိုးဘေးလည်း ဒဏ်ရာ အပြင်းအထန် ရထားတယ်... ရွှီရှန်ကျွင်းလည်း ပါရဂူန် တိုက်ပွဲမှာ ပါဝင်ခဲ့ပြီးတော့ အခြေအနေကို မသိရသေးဘူး..."

....

ထိုသတင်းများ ကြားလိုက်ရချိန်တွင် ကံကြွမ္မာ နတ်ဘုရား နန်းတော် နတ်ဘုရားများ မရယ်မောနိုင်တော့ပေ။

တျန်ချူးမျိုးနွယ် ဘိုးဘေး နတ်ဘုရား အရင်းအမြစ် ဖောက်ခွဲလိုက်သောကြောင့် အလွန် အားကောင်းသည်ဆိုသော ပါရဂူန်များပင် ဒဏ်ရာ

အပြင်းအထန် ရထားကြသည် မဟုတ်ပါလား။

ဓောင်ယုချန်လည်း တစ်ခုခု မှားယွင်းနေသည်ကို သတိထားမိသွားသည်။ နေ့အလင်း မျိုးနွယ် ဘိုးဘေးက နတ်ဘုရား အရင်းအမြစ် ဖောက်ခွဲချိန်တွင် အဘယ်ကြောင့် ဒဏ်ရာ အပြင်းအထန် ရခဲ့သနည်း။ သူက နေအလင်းမျိုးနွယ်တွင် အားအကောင်းဆုံး အုပ်စိုးသူ နတ်ဘုရား မဟုတ်လော။

End - 3168

***